## ဘုရားသခင်၏ နှုတ်ကပတ်တော်
## စာမေးပွဲမေးခွန်းလွှာများ

**အမည်** ______________________________________________

**နေရပ်လိပ်စာ** __________________________________________

_______________________________________________________

**(မြို့______________)(ပြည်နယ် _________ )(စာတိုက်အမှတ်-_________)**

တိုင်းပြည် ____________________________________________

**အတန်း** ________________________

--------------- ဤမျဉ်းအတိုင်းခေါက်ပါ ----------------

တံဆိပ်ခေါင်း
ကပ်ရန်



## ဘုရားသခင်၏ နှုတ်ကပတ်တော်
## စာမေးပွဲမေးခွန်းလွှာများ

***(The Word of God Exams)***

## *လမ်းညွှန်ချက်များ*

ဤသင်ရိုးများမှ အဆုံးစွန်သော အကျိုးကျေးဇူးကို ရရှိနိုင်ရန် အတွက် အောက်ပါ အဆင့်များကို လိုက်နာရန် အကြံပြုအပ်ပါသည်။

၁။ မစတင်မီ ဘုရားသခင်၏ ကူညီမစမှုကို တောင်းခံပါ။

၂။ သင်တန်းစာ တစ်ခုစီ၏ အစ၌ ပေးထားသော လမ်းညွှန်ချက်များကို သေချာစွာ ဖတ်ရှုပါ။

၃။ စာမေးပွဲ မေးခွန်းများကို မိမိ မှတ်ဉာဏ် အသုံးပြု၍ ဖြေဆိုပါ။ ခဲတံဖြင့် ဖြေဆိုပါ။

၄။ မေးခွန်းဖြေလွှာများကို ယင်းသင်ခန်းစာနှင့် ကျမ်းပုဒ်များဖြင့် ကိုက်ညီမှု ရှိမရှိကို ပြန်ကြည့်၍ အပြောင်းအလဲ ပြုလုပ်ဖို့ရန် သင်၏ ယုံကြည်မှု အရေးကြီးလှ ပါသည်။

၅။ မေးခွန်းအားလုံးများ ဖြေဆိုပြီးသောအခါ၊ စာစောင်ထဲမှ စာမေးပွဲ မေးခွန်းကဏ္ဍကိုသာ သေချာစွာ ဖယ်ထားပြီး ဖော်ပြထားသော လိပ်စာ အတိုင်း ပေးပို့ပါ။ စာမေးပွဲကဏ္ဍ မေးခွန်းများကိုသာ ပေးပို့ပါရန် အထူး သတိပြုပါ။

ကျွန်တော်တို့သည် ဤစာမေးပွဲ ဖြေလွှာကို စိစစ်ပြင်ဆင်ပြီး သင့်ထံသို့ အမြန်ဆုံး ပြန်လည် ပေးပို့ပါမည်။ ဤအစီအစဉ်၏ နောက်ဆက်တွဲ ဓမ္မသစ်ကျမ်း သင်ရိုးကိုလည်း ပေးပို့ပါလိမ့်မည်။ သင်သည် ဤသင်ရိုး၏ အနည်းဆုံး ၇၀% ကို ဆောင်ရွက်ခဲ့လျှင် နောက်ဆက်တွဲ သင်ရိုးများကို ဆက်လက် လေ့လာနိုင်ပါလိမ့်မည်။

အကယ်၍ မေးစရာမေးခွန်းများရှိပါက အောက်ပါကွပ်လပ်တွင် ရေးသားမေးမြန်းနိုင်ပါသည်။



*စာမေးပွဲ (၁)*

## ဤလောကသို့ ဘုရားသခင် ကြွမြန်းလာခဲ့စဉ်

ဤစာမေးပွဲ မေးခွန်းလွှာ၌ အချက် (၁၀) ချက်ပါရှိသည်။ အချို့သော ဖော်ပြချက်များမှာ မှန်၍ အချို့မှာ အမှား ပါရှိသည်။ ရှင်ယောဟန်ခရစ်ဝင် အခန်းကြီး (၁) အခန်းငယ် (၁ မှ ၁၈) နှင့်တကွ သင်ခန်းစာများကို ဖတ်ရှုပြီးနောက် အောက်ပါ ဖော်ပြချက်များကို ဆက်လက်ဖတ်ရှုပါ။ ဖော်ပြချက် ဝါကျများသည် ရှင်ယောဟန် ခရစ်ဝင်ကျမ်းနှင့် ယင်းသင်ခန်းစာနှင့် ၎င်းကိုက်ညီမှု ရှိလျှင် **"မှန်"**(သို့) " T " ဟုကွက်လပ်တွင်ရေး၍ ကိုက်ညီမှု မရှိလျှင် **"မှား"**(သို့)" F "ဟုကွက်လပ်တွင်ဖြည့်ပါ။

*ဥပမာ-*

၀။ ။ ခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်သည်။ ---------

ဤဖော်ပြချက်မှန်ကန်ကြောင်း သင့်အနေဖြင့် သိသင့်ပါသည်။ ထို့ကြောင့် **"မှန်"** (သို့) " T "ဟုပေးထားသောနေရာလွတ်တွင် ဖြည့်ရေးပါ။

၀။ ။ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်သည်။ ---T---

ယခုအောက်ပါ ဖော်ပြချက် (၁၀) ချက်ကို ဖတ်ရှု၍ တစ်ခုစီအတွက် " T " 'မှန်' (သို့မဟုတ်) 'မှား' " F " ဖြည့်ပါ။

၁။ ယောဟန်သည် ဘုရားသခင်၏ သားတော်တည်းဟူသော ခရစ်တော်၏ သမိုင်းကြောင်း တစ်ခုကို ကျွန်ုပ်တို့အားပေးသည်။ --------

၂။ ဘုရားသခင်၏ သားတော်ကို နှုတ်ကပတ်တော်ဟူ၍ လည်းကောင်း၊ အလင်းတော်ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်သည်။ --------

၃။ အစအဦး၌ဘုရားသခင်သည် နှုတ်ကပတ်တော်ကို ဖန်ဆင်းခဲ့သည်။ --------

၄။ ဘုရားသခင်၏သားတော်သည် ဘုရားသခင် ထံတော်ပါးသို့ သွားရာလမ်းကို ပြ၏။ --------

၅။ ဗတ္တိဇံဆရာ ယောဟန်သည် အလင်းတော် မဟုတ်၊ ထိုအလင်းတော်၏ အကြောင်းကို သက်သေခံသောသူ ဖြစ်၏။ --------

၆။ ကျွန်ုပ်အဖေသည် ဘုရားသခင်၏ သားဖြစ်လျှင်၊ ကျွန်တော်သည်လည်း ဘုရားသခင်၏သား ဖြစ်စေတော်မူ၏။ --------

၇။ ဤလောကသို့ ခရစ်တော် ကြွမြန်းလာခဲ့စဉ်တွင် လူတိုင်းက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ခရစ်တော်အား လက်ခံကြ၏။ --------

၈။ မောရှေသည် ကြီးမြတ်သော ပရောဖက်ဖြစ်ပြီး၊ ကျေးဇူးတော်နှင့် သမ္မာတရားသည် သူ့အားဖြင့် လာ၏။ --------

၉။ လူတော်တော်များများတို့သည် ဘုရားသခင်အား မြင်တွေ့ခဲ့ကြပြီ။ --------

၁၀။ ကျွန်ုပ်သည် ခရစ်တော်ကို ယုံကြည်လျှင် ဘုရားသခင်၏သား ဖြစ်ရသော အခွင့်ရှိလတံ့။ --------



## *သင်သည် ဘာလုပ်မည်နည်း။*

သင်သည် သင်ခန်းစာ(၁၂)ခုနှင့် ရှင်ယောဟန် ခရစ်ဝင်ကျမ်း၏ အခန်းကြီး (၂၁)ခုကို ဖတ်ပြီးသွားပါပြီ။ ဘုရာသခင်၏ သားတော်တည်းဟူသော ယေရှုသည် အပြစ်မပြုခဲ့ပါ။ သို့သော် ကျွန်ုပ်တို့၏ အပြစ်ကြောင့် အသေခံခဲ့ပါ၏၊ ထိုယေရှု၏ အကြောင်းကို သင်သည် လေ့လာခဲ့ပြီးဖြစ်သည်။

## ဤအရာကို သင်မည်သို့ ထင်မြင်ယူဆပါသနည်း။

အောက်ပါဖော်ပြချက်များကို သေချာစွာ ဖတ်ရှုပြီး မှန်ကန်သည်ဟု သင်ယူဆသော အရာများကို **“မှန်”** ဟူ၍ရေးပါ။

၁။ ယေရှုသည် ဘုရားသခင်၏သားဖြစ်ကြောင်း ကျွန်ုပ်သိသည်။ --------

၂။ ကိုယ်တော်သည် လူများတို့၏ အပြစ်မှကယ်တင်ဖို့ရန် အသေခံခဲ့ကြောင်း ကျွန်တော်သိသည်။ --------

၃။ ကျွန်တော်သည် အပြစ်သားတစ်ဦးဖြစ်ကြောင်းနှင့် ယေရှုသည် ကျွန်ုပ်အတွက် သေခံခဲ့ကြောင်း ကျွန်တော်ယုံကြည်ပါသည်။ --------

၄။ ယခုပင် ကိုယ်တော်ကို ကျွန်ုပ်၏ ကယ်တင်ရှင်အဖြစ် လက်ခံ၏။ -------
(အကယ်၍ သင်သည် ကယ်တင်ခြင်း စိတ်ချမှုရရှိပြီး ဖြစ်ပါက ဤနေရာတွင် ခရစ်တော်ကို လက်ခံခဲ့သောနေ့ရက် အနီးစပ်ဆုံးကို ရေးသားပါ။)

၅။ ကျွန်ုပ်၏ အပြစ်ကို ခွင့်လွှတ်ပြီး ကျွန်ုပ်၏ အသက်ဝိညာဉ်ကို ကယ်တင်သည့် အတွက်ကြောင့် ဘုရားသခင်ထံ၌ ကျွန်ုပ်တော် ယခု ဝမ်းမြောက်ခြင်းလျက် အသက်ရှင်ပါတော့မည်။ --------

သင်သေဆုံးသောအခါသွားမည့်နေရာနှင့် အဘယ်ကြောင့် ထိုနေရာသို့ သွားရမည့်အကြောင်း အောက်ပါကွက်လပ်တွင် သင့်စကားဖြင့် ရေးသားပါ။

-------------------------------------------------------

-------------------------------------------------------

-------------------------------------------------------

## *ယခုတွင် . . .*
## *ဘာဆက်လာမည်နည်း။*

သခင်ယေရှုခရစ်၏ သက်တော်စဉ် သင်ရိုးကို ပြီးမြောက်သည့်အတွက် သင့်ကို ကျွန်ုပ်တို့ ဂုဏ်ပြုပါသည်။ သင်၏ စာမေးပွဲအဖြေများကို အမှားပြင်ဆင် ပေးမည်ဖြစ်ပြီး၊ ဤစီးရီး၏ နောက်ဆက်တွဲသင်ရိုးများကို ပေးပို့ပါဦးမည်။ ဝိညာဉ် ရေးရာ၌ သင့်အား အကျိုးမြတ် ရရှိစေမည့် သင်ရိုးများ ကျွန်ုပ်တို့ထံမှာ များစွာရှိသေး၏။



### *စာမေးပွဲ (၂)*
## ခရစ်တော်၏တပည့်တော်များ

၁။ ‘ငါသည် ခရစ်တော်ဖြစ်၏’ ဟု ယောဟန် ပြော၏။ --------

၂။ ‘ဘုရားသခင်၏ သိုးသငယ်’ ဟူ၍ ယောဟန်က ယေရှုအား ခေါ်ဆိုခဲ့သည်။ --------

၃။ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်သည် ချိုးငှက် အသွင်ဖြင့် သခင်ယေရှု အပေါ်သို့ ဆင်းသက်လာကြောင်း ယောဟန်က မြင်ခဲ့သည်။ --------

၄။ အန္ဒြေ၊ ဖိလိပ္ပု၊ ရှိမုန်ပေတရုနှင့် နာသနေလတို့သည် ဘုရားသခင်၏သား ဖြစ်လာခဲ့ရ၏။ --------

၅။ အန္ဒြေသည် ယောဟန် ထံမှ သခင်ယေရှု အကြောင်းကြားသိရပြီးနောက် ပေတရုကိုလည်း သခင့် ထံတော်သို့ ခေါ်ခဲ့လေ၏။ --------

၆။ ပထမဦးဆုံးသော နိမိတ်လက္ခဏာသည် တပည့်တော်များအတွက် ထင်ရှား သိသာစေသည်။ --------

၇။ သခင်ယေရှုသည် ဘုရားသခင်၏ ဗိမာန်တော်ထဲ၌ စီးပွားရေးသောင်းကျန်း နေသူများကို နှင်ထုတ်တော်မူ၏။ --------

၈။ ခရစ်တော်သည် မိမိအသက်တာ နှိမ့်ချစေတော်မူမည်နှင့် ပြန်လည် ချီးမြှောက် တော်မူမည်အကြောင်း သိခဲ့သည်။ --------

၉။ ခရစ်တော်သည် လူတိုင်း၏နှလုံးသားကို သိတော်မူ၏။ --------

၁၀။ လူတစ်ဦးက ခရစ်တော်ကို လက်ခံလျှင်၊ ခရစ်တော်ကလည်း ထိုသူကို လက်ခံ လိမ့်မည်။ ---------

*စာမေးပွဲ (၃)*

## လူကောင်းတစ်ဦးနှင့် အပြစ်ရှိသော အမျိုးသမီး

ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဆန့်ကျင်နေသော အရာများကို ယနေ့ ဖတ်ရှုနိုင်ပေသည်။ ဤသင်ခန်းစာများ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်အရ အချက်အလက်များကို တင်ပြဖို့ရန် ကျွန်ုပ်တို့ ကြိုးစားထားသည်။ သို့သော် စာမေးပွဲကဏ္ဍ၌ အချို့သော ဖော်ပြချက်များမှာ အမှန် မဟုတ်ပါ။ ဤသို့ရည်ရွယ်ချက်ရှိစွာဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ ဤအမှားနှင့် အမှန် ကြားထဲ၌ ပိုင်းခြားတတ်ဖို့က သင့်အပေါ် မူတည်သည်။

၁။ နိကောဒင်သည် အလွန် ဆိုးသောသူ ဖြစ်သည်။ --------

၂။ အသစ် မွေးဖွားခြင်းသည် တစ်ဦးတစ်ယောက်က ခရစ်တော်ကို ယုံကြည်လက်ခံသော အခိုက် အတန့်၌ ဖြစ်ပျက်သည်။ --------

၃။ အဆိုးဆုံးသောလူများသာလျှင် အသစ်သောမွေးဖွားခြင်း လိုအပ်သည်။ ------
-

၄။ ဘုရားသခင်သည် လောကကို အပြစ်စီရင်ဖို့ရန် မိမိ၏ သားတော်ကို စေလွှတ်ခဲ့သည်။ --------

၅။ ယောဟန်သည် လူများအား မိမိ၏နောက်လိုက်ဖြစ်စေချင်သည်။ --------

၆။ ခရစ်တော်ကို ယုံကြည်သောသူတိုင်း ထာဝရအသက်ကို ရ၏။ --------

၇။ ရေတွင်း၌ သခင်ယေရှု စကားပြောဆိုသော အမျိုးသမီးသည် အကျင့်သီလနှင့် ပြည့်စုံသောသူ ဖြစ်သည်။ --------

၈။ အသက်စမ်းရေ ရရှိဖို့ရန်၊ ကျွန်ုပ်သည် အပြစ်သားဖြစ်ကြောင်း ဝန်ခံရန်နှင့် ခရစ်တော် ထံသို့ လာဖို့ လိုအပ်သည်။ --------

၉။ အမျိုးသမီးသည် ခရစ်တော်ထံသို့ လာဖို့ရန် အခြားသူများကိုပါ ခေါ်ဖိတ်သည်။
--------

၁၀။ ခရစ်တော် လုပ်ဆောင်ခဲ့သော ဒုတိယ နိမိတ်လက္ခဏာမှာ ကြီးမြင့်သော ပုဂ္ဂိုလ်တစ်ဦး၏သားကို ရောဂါပျောက်ကင်းစေခြင်းဖြစ်သည်။ --------



*စာမေးပွဲ (၁၂)*

## သေခြင်းမှ ထမြောက်သော ခရစ်တော်

၁။ လူတို့သည် ခရစ်တော်ကို ကားတိုင်တင်သတ်ခဲ့သော်လည်း ဘုရားသခင်သည် ခရစ်တော်အား သေခြင်းမှ ထမြောက်စေခဲ့သည်။ --------

၂။ မာဂဒလမာရိက သခင်ဘုရားအား သင်္ချိုင်းဂူမှ ယူဆောင်ပြီးဖြစ်ကြောင်း ယောဟန်နှင့် သောမတ်တို့အား ကြားပြောခဲ့သည်။ --------

၃။ ရှင်ပြန်ထမြောက်သော ခရစ်တော်အား ပထမဦးဆုံးမြင်သူမှာ မာရိမဟုတ်ခဲ့ပေ။
--------

၄။ ယေရှုက မာရိ ဟူ၍ စကားပြောတော်မူခဲ့စဉ်၊ သူမသည် ယေရှုအား မှတ်မိခဲ့သည်။
--------

၅။ ခရစ်တော်သည် တပည့်တော်များအပေါ် အသက်မှုတ်သွင်း၍ သန့်ရှင်းသော ဝိညာဉ်တော်ကို သူတို့အား ပေးတော်မူ၏။ --------

၆။ သောမတ်သည် ခရစ်တော်ကို မြင်၍ “ကျွန်ုပ်၏ သခင်နှင့် ကျွန်ုပ်၏ဘုရား” ဟူ၍ ကြွေးကြော်လေ၏။ --------

၇။ ရှင်ပြန်ထမြောက်ပြီးနောက် သခင်ဘုရားသည် တပည့်တော်များထံ တစ်ကြိမ် ပေါ်ထွက်လာခဲ့သည်။ --------

၈။ ခရစ်တော်က ပေတရုအား ငါ့ကို ချစ်သလောဟု သုံးကြိမ်မေးခဲ့သည်။--------

၉။ ယောဟန်သည် ဤအရာများကို ရေးသားပြုစုခဲ့သော တပည့်တော်ဖြစ်သည်။
--------

၁၀။ ခရစ်တော်သည် ဘုရားသခင်၏သားတော် ဖြစ်ကြောင်းနှင့် လောက၏ ကယ်တင်ရှင်အဖြစ် လည်းကောင်း၊ ယနေ့ ကျွန်တော် ယုံကြည်လျှင် ကယ်တင်ခြင်း ရရှိနိုင်သည်။ --------

*စာမေးပွဲ (၁၁)*

## ကားတိုင်လမ်းကြောင်းပေါ်က ခရစ်တော်

၁။ ဘုရား၏ သားတော်သည် လူသားဖြစ်လာပြီး ကျွန်ုပ်တို့အပြစ်များ အတွက် အသေခံခဲ့သည်။ --------

၂။ ခရစ်တော်အား ရောင်းစားခြင်းအတွက် ပရောဟိတ်အကြီးအကဲတို့နှင့် ဖာရိရှဲတို့သည် ယုဒရှာကာယုတ်နှင့် အပေးအယူလုပ်ခဲ့ကြသည်။ --------

၃။ ခရစ်တော်၏ နောက်လိုက်မဟုတ်ဟု ငြင်းပယ်ပြီးနောက် ပေတရုသည် ငိုကြွေးလေ၏။ --------

၄။ "သမ္မာတရားဆိုတာ ဘာလဲ"ဟု ပိလတ်မင်းက ပြော၏။ --------

၅။ လူတို့သည် ခရစ်တော်ကိုယ်စား ဗာရဗ္ဗကို လက်ဝါးကပ်တိုင် တင်သတ်စေချင်ကြသည်။ --------

၆။ လူဆိုးတို့သည် လှောင်ပြောင်သရော်ရင်း ခရစ်တော်၏ ဦးခေါင်း၌ ဆူးရစ် သရဖူကို ဆောင်းပေးကြသည်။ --------

၇။ ယဇ်ပရောဟိတ်အကြီးအကဲတို့က ခရစ်တော်သည် စစ်မှန်သော ရှင်ဘုရင် တစ်ပါး ဖြစ်ကြောင်း ယုံကြည်ခဲ့ကြ၏။ --------

၈။ လက်ဝါးကပ်တိုင် (၃)တိုင်ပေါ်မှာ လူသုံးဦးကို ရိုက်ထားလေ၏။ --------

၉။ ခရစ်တော်က မိမိအား ရိုက်သတ်သောသူတို့ကို ခွင့်မလွှတ်နိုင်ခဲ့ပါ။ --------

၁၀။ ခရစ်တော်အား လက်ဝါးကပ်တိုင်တင်သော နေရာအနီး ဥယျာဉ်တစ်ခုရှိ အုတ်ဂူ၌ သင်္ဂြိုလ်ကြရသည်။ --------

သင်၌ အခြားမိတ်ဆွေများရှိလျှင် သူတို့၏ နာမည်နှင့် နေရပ်လိပ်စာများကို အောက်ပါကွပ်လပ်တွင်ဖြည့်ရေးပါ။ ကျွန်တော်တို့သည် သူတို့အား ဤသင်ခန်းစာကို ပေးပို့ပါလိမ့်မည်။

--------------------------------------------------------------------------

--------------------------------------------------------------------------

--------------------------------------------------------------------------



*စာမေးပွဲ (၄)*

## ခရစ်တော်သည် လူတို့အားကူမခြင်း

၁။ (၃၈) နှစ်ကြာ နာမကျန်းသောလူ၌ မိမိကို ကူညီရန် မိတ်ဆွေများစွာရှိခဲ့သည်။ --------

၂။ ခရစ်တော်သည် စွမ်းအား မရှိသူအား ဆရာဝန် ထံသို့ ခေါ်ဆောင်ခြင်းဖြင့် ကူညီခဲ့သည်။ --------

၃။ ခရစ်တော်သည် ဥပုသ်နေ့၌ ထိုလူ၏ အနာရောဂါ ငြိမ်းစေသည်ကို ဂျူးလူမျိုးများက အလွန် ကျေနပ်ကြသည်။ --------

၄။ နှုတ်ကပတ်တော်ကို ကြား၍ ခရစ်တော်၌ ယုံကြည်သောသူသည် ထာဝရ အသက်ကို ရရှိ၏။ --------

၅။ ဘုရားသခင်သည် သားတော်အား အသက်ပေးနိုင်သော တန်ခိုးတော်ကိုလည်း ပေးခဲ့၏။ --------

၆။ ဘုရားသခင်နှင့် ကျမ်းစာသည် ခရစ်တော်ကို သက်သေခံသည်။ --------

၇။ ခရစ်တော်သည် လူတို့အား ဥစ္စာဒနချမ်းသာစေမည်ဟု ကတိပေးခဲ့လျှင် လူတို့သည် ခရစ်တော်၏ နောက်လိုက်ကြလိမ့်မည်။ --------

၈။ တပည့်တော်တို့သည် ယေရှု ရေပေါ်မှာ လမ်းလျှောက်နေသည်ကို မြင်သောအခါ ကြောက်ရွံ့ခြင်းရှိကြ၏။ --------

၉။ ခရစ်တော်သည် ကောင်းကင်ဘုံမှ စစ်မှန်သောမုန့် ဖြစ်သည်။ --------

၁၀။ ယေရှု၏ တပည့်တော်များများသည် ယေရှုအား အသက်ရှင်သော ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း သေချာမှု မရှိကြပေ။ --------

### *စာမေးပွဲ (၅)*
## အသက်၏ စမ်းရေနှင့် ဘဝ၏ အလင်း

၁။ ခရစ်တော်၏ ညီများက ခရစ်တော်အား အစကတည်းက ယုံကြည်ခဲ့ကြသည်။ --------

၂။ မည်သူမဆို ဘုရားအလိုတော်အတိုင်း လုပ်ဆောင်လျှင်၊ ဘုရားသခင်သည် ထိုသူအား ခရစ်တော် ၏ မှန်ကန်သော သွန်သင်မှုများကို ပြသပေးမည်။ --------

၃။ ကျွန်ုပ်သည် ခရစ်တော်ကို ယုံကြည်လျှင်၊ အသက်စမ်းရေမှာ မည်သူဖြစ် ကြောင်း ကျွန်ုပ်သည် အခြားသူများအား ပြနိုင်မည်။ --------

၄။ အရာရှိများက 'ဤသူကဲ့သို့ မည်သူမျှ မပြောခဲ့ဘူးပါ' ဟုပြောဆိုကြ၏။ --------

၅။ သခင်ယေရှုက အပြစ်ရှိသော အမျိုးသမီး သေသင့်သည်ဟု မိန့်တော်မူ၏။ --------

၆။ သူမမှာ ဆန္ဒရှိလျှင် အပြစ် ဆက်လက်လုပ်ဆောင်နိုင်သည်ဟု သခင်ယေရှုက မိန့်တော်မူ၏။ --------

၇။ စစ်မှန်သော အလင်းသည် ဘုရားသခင့် ထံသို့ သွားရာ တစ်ခုတည်းသော လမ်းကို ကျွန်ုပ်တို့အား ပြသည်။ --------

၈။ ကျွန်တော် အပြစ်လုပ်နေခြင်းမှ ရပ်တန့်ဖို့က တန်ခိုး လိုအပ်သည်။ --------

၉။ မာန်နတ်သည် မုသား၏ ဖခင်ဖြစ်၏။ --------

၁၀။ အာဗြဟံသည် ခရစ်တော်မပေါ်မီ နှစ်ပေါင်းများစွာကလူ ဖြစ်သော်လည်း၊ ခရစ်တော်က အာဗြဟံ မဖြစ်မီ ငါဖြစ်၏ ဟု မိန့်တော်မူ၏။ --------



### *စာမေးပွဲ (၁၀)*
## ခရစ်တော်သည် မိမိတပည့်တော်များအတွက် ဆုတောင်းပေး

၁။ အခန်းကြီး(၁၇)၌ ခမည်းတော်ဘုရား ထံသို့ သခင် ဘုရား၏ ဆုတောင်းချက်များကို ဖတ်ရှုရပေသည်။ --------

၂။ သခင်ယေရှု ခရစ်တော်ကဘဲ ထာဝရအသက် ပေးစွမ်းနိုင်သော တန်ခိုးရှိ၏။ --------

၃။ ထာဝရအသက်သည် စစ်မှန်သော ဘုရားသခင်နှင့် ယေရှုခရစ်တော်ကို သိကျွမ်းခြင်း အားဖြင့်သာ လာ၏။ --------

၄။ ကျွန်တော်သည် ဘုရားသခင်၏ ကယ်တင်ခြင်းကို ရရှိရန် မရပ်မစဲဘဲ အလုပ် လုပ်သင့်သည်။ --------

၅။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဘုရားသခင်၏ ပြောစကားများကို ကျွန်ုပ်တို့အား ပေးခဲ့သည်။ --------

၆။ ကျွန်ုပ်တို့ အတွက် ကိုယ်စားပြု ဆုတောင်းပေးရန်မှာ သူတော်စင်များနှင့် ကောင်းကင်တမန်များ အတွက် မလုပ်မဖြစ် လုပ်ရမည့်အရာဖြစ်သည်။ --------

၇။ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် အစဉ်အမြဲ မှန်ကန်၏။ --------

၈။ ခရစ်တော်သည် အဖခမည်းတော်က မိမိအား စေလွှတ်ခဲ့ကြောင်းကို ဤလော ကသားတို့သည် ယုံကြည်ဖို့အလို့ငှါ ဆုတောင်းပေးခဲ့သည်။ --------

၉။ အဖခမည်းတော်သည် မိမိအပေါ် ထားရှိခဲ့သော တူညီသည့်ချစ်ခြင်းမေတ္တာသည် ဖခမည်းတော်က သားတော်ကို စေလွှတ်ခဲ့ကြောင်း သိရှိသူများတွင်လည်း ရှိနေပါမည်။ အကြောင်းခရစ်တော်က ဆုတောင်းပေးခဲ့သည်။ --------

၁၀။ အဖ ခမည်းတော်သည် သားတော်ကို မချစ်ခဲ့ပါ။ သားတော်ကို ချစ်ခဲ့လျှင်၊ အဖခမည်းတော်သည် သားတော်အား အသေခံဖို့ရန် ခွင့်ပြုခဲ့မည် မဟုတ် သောကြောင့် ဖြစ်သည်။ --------

*စာမေးပွဲ (၉)*

## စစ်မှန်သော စပျစ်နွယ်

၁။ ခရစ်တော်သည် မှန်သောစပျစ်နွယ်ဖြစ်၍ ခရစ်တော်အား ယုံကြည်သော သူတို့သည် အကိုင်းအခက်များ ဖြစ်ကြ၏။ --------

၂။ လူတိုင်းသည် ဘုရားသခင် ရှေ့တော်မှောက်၌ ရပ်တည်ဖို့ရန် မိမိကိုယ်ကို လုံလုံလောက်လောက် သန့်ရှင်းစေကြ၏။ --------

၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်က ကျွန်ုပ်တို့အား စင်ကြယ်စေတော်မူ၏။ --------

၄။ ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံခြင်းအားဖြင့် မိမိ၏ချစ်ခြင်းမေတ္တာကို ပြခဲ့သည်။ --------

၅။ ကျွန်တော်သည် ခရစ်တော်၏ သွန်သင်ချက်အတိုင်း လုပ်ဆောင်လျှင် ကျွန်တော်သည် သူ၏ မိတ်ဆွေဖြစ်၏။ --------

၆။ သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်၏ သက်သေခံဖြစ်၏။ ---------

၇။ ခရစ်တော်ကို လက်ခံခြင်းမှာ ဘုရားသခင်ကို လက်ခံခြင်းဖြစ်သည်။ --------

၈။ လူတိုင်းက၊ သူတို့ကို ချစ်ခင်ကြလိမ့်မည်ဟု ယေရှုက တပည့်တော်တို့အား ကတိပေးခဲ့သည်။ --------

၉။ ခရစ်တော်သည် မိမိအား ယုံကြည်လက်ခံမည့်သူများအတွက် ဆုတောင်းပေးခဲ့သည်။ --------

၁၀။ ဘုရားသခင် ဆီသို့ သွားရာလမ်းများစွာ ရှိသည့်အနက် ခရစ်တော်သည် ထိုလမ်းများထဲမှ တစ်ခုမျှသာ ဖြစ်သည်။ --------

*သင်သည် အခြားမိတ်ဆွေများကို စဉ်းစားမိပါသလား။ သူတို့၏ အမည်နှင့် နေရပ်လိပ်စာများကို အောက်တွင် ဖြည့်ပါ။ ကျွန်တော်တို့သည် သင်ရိုး တစ်ခုကို ပေးပို့ပါလိမ့်မည်။*

--------------------------------------------------------------------------

--------------------------------------------------------------------------

--------------------------------------------------------------------------



*စာမေးပွဲ (၆)*

## မျက်ကန်းနှင့် ကောင်းသော သိုးထိန်း

၁။ ဘုရားသခင်၏ သားတော်သည် ဘုရားသခင်၏ သိုးသငယ်နှင့် လောက၏အလင်း ဖြစ်၏။ --------

၂။ မျက်ကန်းသည် သူ၏ မျက်လုံးမှရွံ့များကို ရေနှင့်ဆေးကြောပြီးသည့်နောက် မြင်နိုင်သည်။ --------

၃။ မျက်မမြင်အား ပျောက်ကင်းစေပြီးသည့်နောက်တွင် အချို့သောသူများက ခရစ်တော်သည် အပြစ်သားဖြစ်သည်ဟု ဆိုကြသည်။ --------

၄။ မွေးရာပါ မျက်စိကန်းသောသူက ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ယုံကြည်၏။ --------

၅။ သခင်ယေရှုသည် ဘုရားသခင် ပေးတော်မူသော ကောင်းကင်တံခါး ဖြစ်၏။ --------

၆။ ကောင်းသော သိုးထိန်းသည် သိုးတို့အတွက် မိမိအသက်ကို စွန့်၏။ --------

၇။ စစ်မှန်သော သိုးသည် ခရစ်တော် နောက်တော်သို့လိုက်၍ သူ၏စကားသံတော်ကို လည်းကြားသည်။ --------

၈။ ဘုရားသခင်၏ လက်မှငင်း၊ သားတော်၏ လက်မှငင်း၊ ခမည်းတော် ဘုရား၏ လက်မှငင်း သိုးကို လုယူ၍ ရနိုင်၏။ --------

၉။ ရှင်ယောဟန် ခရစ်ဝင်ကျမ်း၌ ခရစ်တော်ကို လူအားလုံးက မယုံကြည်ကြောင်း တွေ့ရှိသည်။ ---------

၁၀။ ကျွန်တော်သည် ခရစ်တော်ကို မိမိ၏ သိုးထိန်းအဖြစ် အသိအမှတ်ပြုလျက် အထံတော်သို့ ချဉ်းကပ်လျှင်၊ သူသည် အစဉ်အမြဲ ကျွန်ုပ်အား စောင့်ရှောက်လိမ့်မည်။ --------

*စာမေးပွဲ (၇)*

## လာဇရုနှင့် မာရိ

၁။ မာရိ မာသနှင့် လာဇရုတို့သည် ဗေသနိရွာမှာ နေထိုင်ကြ၏။ --------

၂။ လာဇရုသည် နာမကျန်းဖြစ်လာပြီး သေဆုံးခဲ့သည်။ --------

၃။ လာဇရု၏ အုတ်ဂူ ရှေ့၌ ယေရှုသည် မျက်ရည်ကျတော်မူ၏။ --------

၄။ ဘုရားသခင်၏သားတော်သည် အုတ်ဂူထဲမှ လာဇရုအား ခေါ်တော်မူ၏။ --------

၅။ အပြစ်၌ သေဆုံးသူများအား ဘုရားသခင်၏ သားတော်သည် အသက်ကို ပေးနိုင်သည်။ --------

၆။ လူ အများအတွက် တစ်ယောက်သောသူ သေဆုံးခြင်းသည် သာ၍ကောင်းမွန်သည်ဟူ၍ ကယာဖက ပြောဆိုခဲ့သည်။ --------

၇။ ယေရှု၏ လုပ်ဆောင်ချက်များကို တွေ့မြင်သော ယုဒလူ အတော်များများက ယေရှုကို ယုံကြည်ကြသည်။ --------

၈။ လူ အများက၊ ယေရှုကို ဣသရေလလူတို့၏ ရှင်ဘုရင် ဟူ၍ ခေါ်ကြသည်။ --------

၉။ ဘုရားသခင်သည် မိမိ၏သားတော်အား ကောင်းကင်မှ စကားပြောတော်မူခဲ့၏။ --------

၁၀။ ခရစ်တော်ကို ယုံကြည်သောသူသည် ခမည်းတော်ဘုရားကို ယုံကြည်သောသူ ဖြစ်သည်။ --------

ဤသင်ခန်းစာများကို ပေးပို့ချင်တယ့် သင့်မှာ မိတ်ဆွေများ ရှိပါသလား။ ရှိလျှင်၊ သူတို့၏ အမည်နှင့် နေရပ်လိပ်စာများကို အောက်တွင် ဖြည့်စွက်ရေးသားပါ။

----------------------------------------------------------------

----------------------------------------------------------------

----------------------------------------------------------------

----------------------------------------------------------------



*စာမေးပွဲ (၈)*

## တပည့်တော်များကို သွန်သင်ပေးသော ခရစ်တော်

၁။ ယေရှုသည် အဖ ခမည်းတော်ထံမှ လာ၍ အဖခမည်းတော် ထံသို့ ပြန်သွားတော်မူ၏။ --------

၂။ ခရစ်တော်အားဖြင့် ဆေးကြောခြင်းခံယူသောသူတို့သည် လုံးလုံးလျားလျား သန့်ရှင်းကြ၏။ --------

၃။ ခရစ်တော်အား ရောင်းစားမည့်အကြံကို စာတန်သည် ယုဒရှာကာယုတ်၏ နှလုံး၌ ထည့်သွင်း ပေး၏။ --------

၄။ ခရစ်တော်သည် ယုဒရှာကာယုတ်က မိမိအား ရောင်းစားမည်ကို သိခဲ့သည်။ --------

၅။ ခရစ်တော်သည် ပေတရုက မိမိအား ငြင်းပယ်မည်ကိုလည်း သိခဲ့သည်။ --------

၆။ ခရစ်တော်က၊ မိမိသည် သေဆုံးပြီး ပြန်လည်ထမြောက်မည်အကြောင်း တပည့်တော်များအား သွန်သင်ခဲ့၏။ --------

၇။ ခရစ်တော်သာလျှင် ခမည်းတော် ထံသို့ သွားရာလမ်းဖြစ်သည်။ --------

၈။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကူညီဖို့အလို့ငှါ သန့်ရှင်းသာဝိညာဉ်တော်ကို စေလွှတ်တော်မူ၏။ --------

၉။ ခရစ်တော်သည် မိမိ၏ငြိမ်သက်ခြင်းကို ခရစ်တော်ကို ချစ်သောသူအားလုံးအား ပေးတော်မူ၏။ --------

၁၀။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ပညတ်တော်များကို ထိန်းသိမ်းခြင်း အားဖြင့် မိမိတို့၏ ချစ်ခြင်းကို ကိုယ်တော် ထံ၌ သက်သေပြကြသည်။ --------